29.5.2005,(8:00am)3

အားရအောင်ခံ ငရဲသက်စေ့။ လူ့အဖြစ်ကို ရတယ်ထား။ လူဖြစ်တဲ့ဘဝမှာ ငွေကြေးကိစ္စ၊ ဆန်စပါး ကိစ္စ ချေးလို့ငှားလို့ လွယ်ကူစွာရရဲ့လား။ ဘယ်သူမှ အယုံအကြည် မရှိဘူးနော်။ အလိုလို ဖြစ်တာ လား အကြောင်းကြောင့် အကျိုးတရားပေါ်တာလား ။
ဘိန်း ဘင်း ကစော် လော်စာ အရက် သေရည် သေရက်ကို သောက်စားရင် သုရာမေရယကံ မထိုက်လား။ သုရာမေရယ ကံထိုက်ရင် သေသည်၏ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား။ အပါယ်ကိုကျ ငရဲကို အားရအောင်ခံ ငရဲသက်စေ့ လူ့အဖြစ်ကို ရတယ်ထား။ လူဖြစ်တဲ့ ဘဝမှာ ရူးတဲ့ ပုဂ္ဂိုလ် မြင်ဘူးရဲ့လား ဟေ့။ လူဖြစ်တော့ လူရူး၊ ခွေးဖြစ်တော့ ခွေးရူး၊ ဝက်ဖြစ်တော့ ဝက်ရူး။ အလိုလို ဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား။ အဲဒါတွေ ယုံကြည်ဖို့ လိုတယ် နော်။
ဒါ ငါးပါးသီလ အကျိုး အပြစ်ကို သိဖို့လိုတာပေါ့။ သိတဲ့အခါ ရှောင်ကြဉ်ရမယ်နော် ။ ဝိပဿနာ ဉာဏ်ဘက်က သိတော့ ပယ်တာကိုးကွဲ့။ သမ္မာဝိရတိသစ္စာဘက်က ရှောင်ကြဉ်ရတယ် ကြားလား။ ရှောင်ကြဉ် တော့ ကုသိုလ်ပြုတဲ့ နေရာ အကုသိုလ်ပေါ့။ အဲဒီ ငါးပါးသီလ အဓိပ္ပာယ် နားလည်ဖို့ လိုတယ် ကြားလား။ အဲဒီလို နားလည်သွားမယ်ဆိုခဲ့လို့ ရှိရင် ကမ္ဘာကြီးမှာ တိုင်းပြည်တိုင်း တိုင်းပြည်တိုင်း အကုန်လုံး ချမ်းသာမယ်နော်။ မချမ်းသာဘူးလား ။
မြောက်ကျွန်းသူ မြောက်ကျွန်းသားတွေကို စိစစ်ဖို့ လိုတယ်နော်။ မြောက်ကျွန်းသူ မြောက်ကျွန်း သား တွေ က သက်သေ မခံလားဟေ့ ။ ငါးပါးသီလ လုံတာကွဲ့။ မြောက်ကျွန်းမှာ မင်းမရှိဘူး ကွဲ့နော်။ ဗေဒင်ဆရာ မရှိဘူး၊ ဆေးဆရာ မရှိဘူး။ ကုန်သည်မရှိ၊ တောင်သူမရှိ။ အချိန်တန် ပဒေသာပင် ဆွတ်စားတာနော်။ ဒါ သီလကုသိုလ် ကြားလား။ ယုံကြည်ဖို့ မကောင်းလား။ ယုံကြည်ဖို့ လိုတယ်။
ဒါတော့ ဘာတွေလဲ လို့ ပြန် ဆန်းစစ်ကြည့်။ အားလုံး တရားနာ ပရိသတ်တွေ … သမ္မာဝိသစ္စာ အားဖြင့် မချမ်းသာချင်ကြဘူးလား။ ချမ်းသာချင်တယ်နော်။ သို့မို့ချမ်းသာချင်တဲ့ အလုပ်ကို လုပ်မှ ချမ်းသာမှာကွဲ့။ ကိုယ်က ပါးစပ်က ချမ်းသာချင်တယ်လို့ပြော။ လုပ်တာက ဆင်းရဲတဲ့ အလုပ်ဆို ရင်တော့ ဟုတ်ပါမလား။ ကဲ တစ်ယောက်နဲ့ တစ်ယောက် အဆင်မပြေတဲ့ အခါ စိတ်ဆိုးတာ… ကုသိုလ်လား၊ အကုသိုလ်လား။ အကုသိုလ်က ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရားလား ။ကဲ ဒါ စိတ်မဆိုး အောင် အလေ့ အကျင့် လုပ်မှာပေါ့ ။ စိတ်မဆိုးဖို့ လိုတယ်နော်။

ဦးဘစံ+ဒေါ်ကြွယ်အေး ကြွေး တောင်းနည်း။

ကဲ တစ်ခါ ပြန်ပြီးတော့မှ အရောင်းအဝယ်နဲ့ ပတ်သက်ပြီးတော့ တောင်သူပဲဖြစ်ဖြစ် ကုန်သည်ပဲဖြစ်ဖြစ် ကိုယ်က ဈေးတွေ ဘာတွေရောင်းတဲ့အခါ အကြွေးပေးလိုက်တယ်။ သူ့ဆီမှာ ရစရာက တစ်သောင်းလောက် ရှိတယ်။ နှစ်လလောက် ...နေပေးမယ်ပြောတာ။ နှစ်လက ကျော်တော့ မပေးဘူး ပေါ့။ မရောက်လာတော့ သွားပြီးတော့ မတောင်းရဘူးလား။ သွား တောင်းတယ်။ တောင်းတဲ့အခါ ဘယ်လိုလဲ မင်းတို့တွေ လုပ်ကြဦး။ မင်းတို့ အခုဟာ ပြောတဲ့စကား နှစ်လက သုံးလ။ တစ်လ စွန်းလာပြီပေါ့နော်။ သုံးလပြည့်ပြီ။ ကိုယ်ချင်းစာကြဦးကွဲ့။ ကိုယ်ကလည်း ဒီထဲက ရင်းရတာ။ မင်းတို့ ကိုယ်ချင်းစာဦး အားနာရမှန်း မသိဘူး။ အတိုးချရင် ဘယ်လောက်တော့ ရမှာ။ အဲဒီ စကားမျိုး ပြောလိုက်ရင် ဟိုပေးရမည့် လူက စိတ်ချမ်းသာ မလား၊ ဆင်းရဲမလား။ ဆင်းရဲတယ် နော်။

ဓာတ်ပုံးထဲကို ရေနွေး ထည့်တော့ ပူမလာဘူးလား။ အအေး ထည့်တော့ အေးမလာဘူးလား ။အဲဒါ စဉ်းစားကွဲ့။ စိစစ်ဖို့ မကောင်းလားနောက်တော့ ခဏခဏ နှစ်ကြိမ်က သုံးကြိမ်။ခဏခဏ တောင်းတော့... ပေးရမည့်သူကလည်း စိတ်ဆိုးပြီ။ ရပါရဦးတော့ မပေးဘူးတဲ့။ စိတ်တိုလာပြီ။ ကုသိုလ်လား၊ အကုသိုလ်လား။ အကုသိုလ်ကွဲ့။ စဉ်းစားဖို့ မကောင်းလား။ ဘုန်းကြီးတို့ ဒေသတွရမှာ မကွေးတိုင်း၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ် ၊ မွေ့လယ်ရွာ... ဦးဘစံ၊ ဒေါ်ကြွယ်အေးတဲ့ ကြွေးတောင်းသွားတာ။ သွားတဲ့အခါကျတော့။ နင်တို့ နေလို့ထိုင်လို့ ကောင်းကြရဲ့လားဟဲ့။ စားဝတ်နေရေးက ဘယ်လိုလဲဟဲ့။ အဆင်ပြေ ကြသလား။ ဦးရယ် အသင့်အတင့်တော့ ပြေပါတယ်။ နေလို့ ထိုင်လို့လည်း ကောင်းပါတယ်။ ဦးကို ပေးရအောင်လို့ ရှာတာလေ ဘယ်လိုမှ ရှာလို့ မရဘူး ဦးရယ်။ ရှာလို့ မရတာတော့ ဘယ်လိုမှ မတတ်နိုင်ဘူး။ ဒါအတွက် သောက မဆိုက်နဲ့။ စိတ်ချမ်းသာအောင် နေကြ။

အဲဒီ စကားလေး ပြောတော့ ပေးရမည့် လူက စိတ်ပူမလား၊ ချမ်းသာမလား။ ဓာတ်ပုံးထဲ ရေအေး ထည့်သလိုပေါ့နော်။ စဉ်းစားဖို့ မကောင်းလား။ ဒါကုသိုလ်ကိုးကွဲ့။ ကုသိုလ်က ဆင်းရဲတဲ့ တရားလား၊ ချမ်းသာတဲ့ တရားလား ။ အဲဒါ ယုံကြည်ဖို့ လိုတယ်ဗျ။ စဉ်းစားဖို့ မကောင်းလား။ မရတာ ဘယ်လိုမှ မတတ်နိုင်ဘူးတဲ့။ ဒါသောက မဆိုက်နဲ့။ စိတ်ချမ်းသာအောင် နေတဲ့နော်။ အဲတော့ကာ အရောင်းအဝယ်နဲ့ ပတ်သက်ပြီးတော့မှ နှစ်ချုပ်စာရင်းကို ကြည့်တာ။တစ်နှစ် တစ်နှစ်မှာ ဆယ်နှစ်သိန်းလောက် မြတ်တယ်။ သူ့ဆီက နှစ်သိန်း လောက် ရစရာက မရဘူး။မရရင် နှစ်သိန်းလောက်တော့ လျော့ရမှာ နော်။ အခုတော့ အဲဒီသူ့ဆီက သာ မရတာ ဆယ့်လေးသိန်းကွဲ့။

29.5.2005,(8:00am)5

တိုးတောင်လာသေးတာ မလျော့တဲ့ အပြင်မှာ။ကုသိုလ်ဟာ ကြည့်စမ်း။ ကုသိုလ်က မချမ်းသာဘူးလား။ တကယ် တွက်ကြည့်မယ်ဆိုရင် သူ့ဆီက နှစ်သိန်းဆိုတာ လျော့သွားရမှာ။ တိုးတောင်လာသေးတာဗျ။ ကဲ ပေးရမည့်လူလည်း စိတ် မချမ်းသာဘူးလား ။ ရစရာ ရှိတဲ့လူကလည်း စိတ်မချမ်းသာ ဘူးလား ။ အဲဒါ ကံ၊ ကံ၏ အကျိုး ယုံကြည်ဖို့ မကောင်းလား။ ယုံရမယ်နော်။ အဲတော့ အလေ့ အကျင့် လုပ်ကြ။ အခုတော့ တစ်ယောက်နဲ့ တစ်ယောက် မျက်နှာမြင် စိတ်ဆိုးတာက အရင်။ ကြားလား။ ကိုယ်က ချမ်းသာချင်တယ်။ လုပ်တာက ဆင်းရဲတဲ့ အလုပ်။ ပြန်စဉ်းစားဦး။ တောင်းတာက တခြား၊ လုပ်တာက တခြား။

<u>ဆွမ်းဒကာ တိဿ။</u>

မကြားစဖူး ကြားဖူးထပ်မံတဲ့။ သူဌေးဖြစ်ပုံ ဖြစ်နည်းတွေ။ စဉ်းစားဖို့ လိုတယ်နော်။ အဲဒါ သူဌေးတွေ ဘယ်လိုဖြစ်တာလဲလို့။ ရှေးက သားအမိသားအဖ ငါးယောက် ကြားလား။ သားအမိသားအဖ ငါးယောက်။ သူတို့ စားဝတ်နေရေးက တော့ အခု အသင့် အတင့်ပေါ့။ အဲဒီ ဝါဝင်ကျတော့ကာ တစ်ဝါတွင်းလုံး အိမ်ထိုင်ဆွမ်း။ အဲဒီကျောင်းတိုက်က သံဃာက အပါးနှစ်ရာ ရှိတယ်။ တပည့်တော်နဲ့ သင့်တော်တဲ့ သံဃာ တစ်ပါးလောက် ချီးမြှောက်တော်မူပါဘုရား။ အိမ်ထိုင်ဆွမ်းပေါ့နော်။ တာဝန်ယူ တာ။ အချို့က လေးဦး ငါးဦး။ ဆုံပြီးတော့ တစ်ပါးပင့်တယ်။ တစ်ချို့က တစ်ဦးတည်းနဲ့ အပါး တစ်ရာ တောင် ပင့်သေးတာ။ တတ်နိုင်တဲ့ ပုဂ္ဂိုလ်ကလေ။ ဒီလိုတွေ မရှိဘူးလား ။ ရှိတယ်။ အဲဒါနဲ့ အဲဒီ သံဃာတစ်ပါး ဟိုက ချီးမြှောက်လိုက်တာပေါ့။ နှစ်ရက် သုံးရက်ကတော့ကာ ဒါ အဆင်ပြေတယ်။

သုံးရက်က ကျော်တော့ကာ သူ့အိမ်က လောင်းတဲ့ ဆွမ်းဟင်းကို သွန်သွန်ပစ်တော့တာ လမ်းမှာ။ သမီးက မြင်တော့တာ။ အဖေရေ ဒီက လှူလိုက် လောင်းလိုက်တာ၊ လမ်းမှာ သွန်သွန်ပစ်တယ်။ နှစ်ကြိမ် သုံးကြိမ်ရှိပြီနော်။ အင်း ငါတို့လည်း ဒါထက် မတတ်နိုင်ဘူး။ ဘယ်လို လုပ်ရမလဲ။ မစားနိုင်လို့ ရှိမှာ ကြားလား။ မစားနိုင်လို့ရှိမှာတဲ့။ ဘယ်လိုလုပ်ရမလဲတဲ့။ ငါတို့ကလည်း ဒါထက် မတတ်နိုင်ဘူး။ ဘုန်းကြီးက စဉ်းစားတယ်။ အဲဒီနေရာမှာ ။ဘုန်းကြီးသာဆို မနက်ဖြန်ကစ မလောင်းနဲ့တော့ ဟဲ့။ ငါတို့ လည်း မတတ်နိုင်ဘူး။ ဘုန်းကြီးက ဘုန်းကြီးစိတ်ဓာတ်။ မနက်ဖြန်ကစ မလောင်းနဲ့တော့။ သွန်မည့် အတူတူတော့ မထူးဘူး။ ကိုယ်ကလည်း ဒါထက် မတတ်နိုင်ဘူး။

ဟို သမီးဖြစ်တဲ့လူက အဖေခွင့်ပြုမယ်ဆိုရင်တဲ့။ ကျွန်ခံပြီးတော့မှ နို့စားနွားမဝယ်မယ်။ ခွင့်ပြုတယ်။ အဲတာ ကျွန်ခံတာ။ ခြောက်ကျပ်။ ခြောက်လ ခြောက်လ။ခြောက်ကျပ် ရှေးကငွေက အဖိုးတန်တော့ နို့စားနွားမ ရတယ်။ အဲဒီနို့ကို ညစ်ရောင်းပြီး တော့မှ ဖွယ်ဖွယ်ရာရာ ဝယ်ပြီးတော့ ချက်ပြုတ် ပြီး

တော့ လှူတာကွဲ့။ မစားနိုင်တာ။စားနိုင်အောင်လုပ်တာလေ။ဟို အဲဒီ စေတနာ အတုယူဖို့ မကောင်းလား။ အတုယူဖို့ ကောင်းတာ။ ကဲကျွန်ခံပြီးတော့ နို့စားနွားမ ဝယ်။နို့ကို ရောင်း။ ဖွယ်ဖွယ်ရာရာ ဝယ်ခြမ်းပြီးတော့ ချက်ပြုတ် လှူတန်းတော့တာနော်။ ဘုန်းကြီးလိုဆို ဒါ ကဲ နက်ဖြန် က စလို့ မလောင်းနဲ့တော့ပေါ့ ငါတို့လည်း ဒါထက် မတတ်နိုင်ဘူး။ ကြားလား သဒ္ဓါတရား ချင်း တူရဲ့လား။တူဘူးကွဲ့။အတုယူဖို့ ကောင်းတယ်နော်။

အဲတာနဲ့ နှစ်လလောက်ကြာတော့ သမီးရွေးရအောင် ငွေရှာထွက်သွားတယ်။ ငွေရှာ တစ်လ လောက် နေပြီးရင် ငွေက ရလာတယ်။ ရှစ်ကျပ်ရလာတယ်။ ပြန်လာခဲ့။ ရွာနဲ့ နှစ်ဖာလုံ အကွာမှာ လမ်းဆုံ လမ်းနှစ်လမ်း။ သုံးလမ်း။ ရေချမ်းစင်လည်း ရှိတယ်။ ဇရပ်လည်း ရှိတယ်။အဲဒီမှာ ရဟန်း တစ်ပါးက ရောက်နှင့်တာပေါ့။ ရဟန်းတစ်ပါး ရောက်လို့အဲဒီမှာ သီတင်းသုံး နေတယ်။အဲဒီ ဥပါသကာ တစ်ယောက်က ရေချမ်းစင်ကို ဝင် ။ အဲဒီရဟန်းတော်ကို ဦးတိုက်ရှိခိုး။ အရှင်ဘုရား ဘယ်ကို သွားဖို့လဲ။ ဘယ်ကို လာဖို့လဲ။ ဘယ်ကိုကြွမှာလဲ ဘုရား။ ဗာရာဏသီတိုင်းပြည်ကို ကြွ မလို့။ ရောက်ဖူးသလား။ မရောက်ဖူး ဘူး။ ဆွမ်းထုပ်ပါလား။ မပါဘူး ။ ဒကာကြီး ။ လမ်းမှာ ရွာ မရှိဘူး ဘုရား။ ညနေ လေးနာရီမှ ရွာတွေ့မှာ တပည့်တော်က လူဆိုတော့ ရောက်တဲ့ အချိန်စားလို့ ရတယ်။ အရှင်ဘုရားတို့က ဆယ်နှစ်နာရီက ကျော်ရင် မစားရဘူး။ ဒါတော့ ဒီက လမ်းဆုံ ဆိုတော့ ခရီးသည်၊ ဧည့်သည်စောင့်သေးတာပေါ့။

နောက်တော့ မကြာခင် တောင်ဝှေးလေးနဲ့ ဆွမ်းထုပ်လေးကို ကုတ်ထမ်းပြီးတော့လာတော့တာ။ မိတ်ဆွေ ခဏလာဦး။ ခင်ဗျားရဲ့ထမင်းထုပ် ရောင်းမှာလား။ ရောင်းမှာ။ ဘယ်လောက်ရ ရင် ရောင်းမလဲ။ ရှစ်ကျပ်ရရင်ရောင်းမယ်။အဲဒီခေတ်က ဆန်တစ်တင်းမှ တစ်ကျပ်လောက်ကျတာ။ ရှစ်ကျပ်တဲ့ မလျှော့ဘူးလား။ မလျှော့ဘူး ကြားလား။ အဲဒါ ရှစ်ကျပ် ဝယ်ပြီးကာမှ ဆွမ်းကပ်တာဗျ။ ဘုန်းကြီးကတော့ မဝယ်နိုင်ဘူး ။ သမီးရွေးဖို့ ချန်ရဦးမှာ။ မဝယ်နိုင်ဘူးကွဲ့ ခြောက်ကျပ်တော့ ချန်ရဦးမှာ။ နှစ်ကျပ်လောက်ဆိုရင်တော့ ဝယ်မှာနှစ်ကျပ်လောက်။ အဲဒါ အကုန်ဝယ်လိုက်တာကွဲ့။ ဝယ်လို့ ဆွမ်းကပ်လို့ အဲဒီရဟန်းက စားသုံးလို့ပြီးတဲ့အခါ ဒကာကြီးဘယ်လောက်များ ကပ္ပိရတုန်း။ ရှစ်ကျပ် ကပ္ပိရတယ် တဲ့။ ဟာ တကယ်အဖိုးတန်တာကိုး။ အင်မတန် အဖိုးတန်တဲ့ ဆွမ်းပါလား။ ရဟန်းကလေ စားတဲ့ပုဂ္ဂိုလ်က။ ဘုန်းကြီးကသာ ...ဘုန်းကြီးက အာဂန္တု ရဟန်းဖြစ်စမ်းကြည့်တာ။ ဘယ်လောက် ပေးရတုန်း ။ရှစ်ကျပ်။ မိုက်မိုက်ကန်းကန်း ဝယ်ရမလားကွာ။ မင်းဒီဟာကို တစ်ရက် တစ်လေတော့ အငတ်ခံမှာ။ မင်း ဘယ်နှယ့်။ မင်းမတန်တာ ဝယ်ရမလားလို့ ဘုန်းကြီးကပြောမှာ။ ဟိုကိုယ်တော်နဲ့ဘုန်းကြီးနဲ့ တူပါ့မလား။ မတူဘူး။တကယ် အဖိုးတန်တဲ့ ဆွမ်းတဲ့ဗျား။ ကြားလား။

29.5.2005,(8:00am)7

ဘုန်းကြီးကတော့ ဈေးများလွန်းလို့ မိုက်မိုက်ကန်းကန်း ဝယ်ရမလား၊ မင်းလို့ ပြောမှာ။ ဟင် ကဲ သဒ္ဓါ တရားချင်း တူရဲ့လားဟေ့ ။ မတူဘူး ။အဲဒါနဲ့ စားလို့သောက်လို့ပြီး ဆက်ပြီးတော့ ခရီးသွားတယ်။ နန်းဦးကျောင်းမှာ သွားတည်းတယ်။ ကျောင်းကိုအရောက် လိုက်ပို့တယ် ဥပါသကာက။ လိုက်ပို့ပြီးတော့ ဒကာကြီးနာမည်က ဘာနာမည်လဲ။ တပည့်တော် နာမည်က တိဿပါဘုရား။ အရေး အကြောင်း ကိစ္စရှိရင် ခေါ်ရင်မလာပဲ မနေနဲ့။ အချိန်မရွေးခေါ်ပါ လာပါမယ်ဘုရား။ လာမယ်တဲ့ ကြားလား။

အဲဒါနဲ့ပြန်သွား အိမ်ကိုရောက်၊ရောက်တဲ့အခါ အကြံအစည် အောင်ခဲ့ရဲ့လား။ မယားကမေး သမီးတွေကမေး ။ အောင်ခဲ့တယ် ။ဘယ်လောက်ရလဲ… ရှစ်ကျပ်ရတယ်။အဲဒါ အကျိုးအပြစ်တွေ လမ်းမှာ ရဟန်း သံဃာတော်နဲ့တွေ့လို့ ဆွမ်းကိုဝယ်ပြီးတော့ ကပ်ခဲ့တယ်။ အဲတော့ ဆစ်တာ ရှစ်ကျပ်က မလျှော့လို့ အဲဒါ ဝယ်ပြီးတော့ကပ်တယ်။ အဲဒီ ကုသိုလ်အမျှပေးတယ်။ သမီးက လည်း ဝမ်းသာ မယားကလည်း ဝမ်းသာ။ သာဓုခေါ်တာ။ဘုန်းကြီးက မယားဖြစ်စမ်းကြည့်တယ်။ မိုက်မိုက် ကန်းကန်း ဝယ်ရမလား။ သမီးရွေးဖို့မှမချန် မောင်ရဲ့သဒ္ဓါကလည်း ကောင်းလှတယ်။ သဒ္ဓါက … မောင်ရဲ့ သဒ္ဓါ ကောင်းလွန်းလှတကား။ မောင်ရဲ့သဒ္ဓါကလည်း ပြောမှာ။ကြားလား။ အခုတော့ အမေကြီးကလည်း သဘောတူတာကွဲ့။ သမီးတွေကလည်း ဝမ်းမြောက်ဝမ်းသာ ကြားလား။ ဘုန်းကြီးက သမီးဖြစ်ကြည့်တယ် မယားဖြစ်ကြည့်တယ် မရဘူး။ မိုက်မိုက် ကန်းကန်း ဝယ်ရမလား သမီး ရွေးဖို့တော့ ချန်ဦးမှပ။ ကဲ သဒ္ဓါတရားချင်း တူရဲ့လားဟေ့ ။ တူဘူး။

အဲဒါနဲ့ နန်းဦး ဆရာတော်နဲ့ အလ္လာပ သလ္လာပပြော။ ပြောပြီးတော့ တပည့်တော် မတော်လို့များ မကျန်းမာပဲနဲ့ လေဖြတ်လို့ ပျံတော်မူသွားရင် တပည့်တော်ရဲ့ရုပ်ကလာပ်ကို ချီလို့ရွှေ့လို့မရရင် တပည့်တော်ရဲ့ ဒကာတိဿကို ခေါ်ပြီးတော့ ရွှေ့ပြောင်းပါ။ မှာတော့တာ။ မှာပြီးတော့ သူ့ အခန်းဝင်။ ငါ ဒီအတိုင်းသာ ကျိန်းလို့ရှိရင် ငါ့ဒကာ အကျိုး ရှိတော့ ရှိတယ်။ ရှိသင့် သလောက်တော့ ရှိမယ် မဟုတ်။ ငါ့ဒကာ အကျိုးရှိအောင် ငါ တရား အားထုတ်မယ်တဲ့ ကြားလား။ အာဂန္တုကလေ။ ဘုန်းကြီးက တော့ကာ ညောင်းတာ နဲ့ ကျိန်းတော့မှာကွာ။ ကြားရဲ့လားဟေ့။ ခရီးက ပန်းပြီကွဲ့။ကဲ သဒ္ဓါတရားချင်း တူရဲ့လားဟေ့။ အတော် သဒ္ဓါကောင်းတဲ့ ကိုယ်တော်ကွဲ့နော်။ ငါ့ဒကာ အကျိုး ရှိအောင်တဲ့ တစ်ညလုံး အားထုတ်တာ။ နံနက် လေးနာရီမှာ သောတာပတ္တိမဂ် သောတာပတ္တိ ဖိုလ် ရ ။ ငါးနာရီကျတော သကဒါဂါမ် အနာဂါမ် ရဟန်းကိစ္စပြီး။ ဟော…ခန္ဓာဝန်ချတော့တာ။

အရုဏ်ဆွမ်း ကပ်မလို့ သွားနိုးတဲ့အခါ ဟိုမှာခန္ဓာဝန်ချပြီးပြီ။ဒါနဲ့ အာဂန္တု ကိုယ်တော် ပျံတော်မူပြီးပြီ ဘုရား။ဟေ ဟုတ်ကဲ့လား။သွား ရှင်ဘုရင်ကြီးကို သွားအကြောင်းကြားခဲ့။ ရှင်ဘုရင်ကြီးကိုသွား

အကြောင်းကြားတာ။ ဟာ ငါကျောင်းမှာ ပုံ့လွှန်တော်မူတာ ငါသဂြိုဟ် ရတော့မှာတဲ့။ ဝမ်းသာတာ ရှင်ဘုရင်ကြီးက ကြားလား။ ဝမ်းသာတာ ရှင်ဘုရင်ကြီးကလေ။ ငါကျောင်းမှာ ပုံ့တော်မူတာ ငါ အင်မတန် ကုသိုလ်ကြီးတယ်တဲ့။ ဘုန်းကြီးက ရှင်ဘုရင် ဖြစ်စမ်းကြည့်တာ။ ကတ်သီး ကတ်သတ် ငါကျောင်းမှာ လာပုံ့တော်မူရမလား။ ငါကျောင်းမှာ ကတ်သီးကတ်သတ် ကိုယ်တော်။ ကြားလား။ ဟို ရှင်ဘုရင်ကြီး… ဘုန်းကြီးစေတနာနဲ့ တူပုံ့မလား ။ရှင်ဘုရင်ကြီးက အတော် ကောင်း တာ ကွာ။ သဒ္ဓါတရားလေ။ အဲလို စိစစ်ဖို့ မကောင်းဘူးလား။

အဲဒါနဲ့ ပြုတော့ လောင်တိုက်တွေ၊ ဘာတွေဆောက်၊ နိဗ္ဗာန်ကျောင်းတွေချ နတ်ရထားတွေလုပ် အလောင်းကို ရထား ကစားမယ်လို့ လူ လေးယောက်မတာ လှုပ်လှုပ်ကို မရှိဘူး။ မလို့ကိုမရဘူး။ ရှစ်ယောက် တစ်ခါ ပြန်ပြီးတော့မတာ မရဘူး။ ဘယ်လိုမှ မလို့မရနိုင်လို့ ကျောင်းထိုင်ကိုယ်တော်ကို သွားလျှောက်တော့ ရွှေ့လို့ပြောင်းလို့မရဘူး ကိုယ်တော် ထူးလှတကား။ မှာခဲ့တယ်တဲ့။ ရွှေ့ပြောင်း လို့ မရရင် သူ့ဒကာတိဿခေါ်ပါ။ မောင်းကြေးနင်းခတ် ကြေငြာလိုက်တာ တိဿ ရောက်လာ တော့တာ။ ဟုတ်သလား၊ ဟုတ်ပါတယ်။ကျောင်းကိုအရောက် လိုက်ပြီးတော့ ပို့ခဲ့တာ။ အတူတကွ လာခဲ့တယ်။ ဆွမ်းတစ်နပ် ကပ်ဖူးတယ်။ အဲဒါ အလောင်းလေး ရွှေ့ပေးပါ။ အဲဒီပုဂ္ဂိုလ်တိဿ ဆိုတဲ့ ဒကာ မ-တော့ ဝါဂွမ်းကို ကိုင်ရသလို ပေါ့ပေါ့ လေးဗျ။

အဲဒါနဲ့ အလောင်းကစားလို့ ရှင်ဘုရင်ကြီး အလောင်းကစားပြီးတော့ အသပြာ တစ်ထောင်။ ဒါ နောက်မှူးကြီး မတ်ရာ သေနာပတိတွေ ကစားတော့ အသပြာ တစ်ထောင်။ သူဌေးတွေ ကစားတာ အလှည့်ကြ ကစားတာ့ တစ်ထောင်။ အဲဒီနေရာမှာ တိဿသူဌေး ဖြစ်သွားတာကွဲ့ ကြားလား။ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ သူ့စေတနာ အတိုင်း အကျိုးပေး တာနော်။ အဲသလို အတုယူဖို့ မကောင်းလား။ အခုလူတွေက အချောင်ရချင်တာ။ အချောင် အချောင်။ ကြားလားဟဲ့။ အဟဲ အချောင်ရ ချင်တာ။ အချောင်မရဘူး စိတ်သာချ။တကယ် လေ့လာရမယ်ကွဲ့။အတုယူဖို့ မကောင်း ဘူးလား။ ဒါကြောင့် သူ့စေတနာ အတိုင်း အကျိုး ပေးတယ် ။ ယုံကြည်ဖို့ မကောင်းလား။အဲ ယုံကြည်ဖို့ ကောင်းတယ်။ လေ့လာ။

<u>ဥမ္မာဒန္တီအလောင်း။</u>

ဥမ္မာဒန္တီ အလောင်း။ အလှကို လှချင်ပချင်တဲ့ ပုဂ္ဂိုလ်တွေ။ ဥမ္မာဒန္တီတဲ့။ သူ .. ဥမ္မာဒန္တီမဖြစ်ခင် အလောင်းတုန်းက။ မိဘတွေကလည်း နေ့ဖို့ညစာ ရှာစားရတဲ့အခါ …။ အဖိုးတန်တဲ့ပစ္စည်း ။ သူဌေးတွေ ဝတ်ပန်ဆင်နေတဲ့ အထည်တွေကို ရချင်တာ။ ရချင်တော့ကာ အဲဒါ ဘယ်လောက် ပေးရမှာလဲ ။ သုံးရာ ပေးရမယ်။ ဝတ်ပန်း တစ်စုံ။ သုံးရာ။ ပိုက်ဆံတော့ မရှိဘူး။ တစ်နှစ် ကျွန်ခံ

မယ်။ အေး တစ်နှစ်ဆိုရတယ်။ တစ်နှစ် ကျွန်ခံရတာ။ တစ်နှစ် ကျွန်ခံမှ ရတဲ့ ဝတ်ပန်း။ ဝတ်ပန်း ရပြီးတော့ ချောင်းလေး တစ်ခုကို အဝတ်အစား လဲမယ်ဆိုပြီးတော့ ကင်ပွန်းသီးကို မီးဖုတ် ထု ထောင်း။ တလျှော်ကိုခွာ ထုထောင်း။ ဆနွင်းစိမ်းလေး ထုထောင်း။ သုံးလွန်းတင် ဖျော်ပြီးတော့ ခေါင်းလျှော်တာ။ ခေါင်းလျှော် ကိုယ်တွေ လိမ်း။ ပြီးပြီဆိုတော့ အဝတ်လဲမယ် လုပ်တော့ ရဟန်း တစ်ပါးက သူ့ရဲ့သင်္ကန်းတွေကို လူဆိုးတွေက ချွတ်ပြီးတော့ ယူလိုက် တော့တာ။ ကြားလား။ အဝတ်က မရှိဘူး။ သစ်ခက်ကြီးကို သင်္ကန်းလုပ်လာ ခဲ့ရတော့တာ။ဟိုက။ သစ်ခက်ကို ဆွဲလာခဲ့ရ တော့တာ ကြားလား။

အဲ… အဲဒါကို မြင်တော့ကာ ထွက်ပြေးမယ်လို့ လုပ်တော့တာ။ ငါ့နမ မပြေးနဲ့ ။ငါ လူကောင်း ဟုတ်တယ်။ ငါ ရဟန်း ဟုတ်တယ်။ ငါ့အဝတ်တွေကို လူဆိုးတွေ ချွတ်ယူလိုက်လို့ ငါ့မှာ သစ်ခက်ကို သင်္ကန်း လုပ်ခဲ့ရတာ။ စဉ်းစားတယ် အင်း။ ဒီအဝတ်ကို ငါ တစ်နှစ်ကျွန်ခံမှ ရတဲ့အဝတ်။ ဝတ်တဲ့နေ့ကစ တစ်နေ့တစ်ပါး ဟောင်းနွမ်းသွားမယ်။ သူ့ကို ဝတ်ပြီးတော့ အသက်ကလည်း ကျန်းမာရေးလည်း ကောင်းလာမှာ မဟုတ်။ စီးပွားရေးလည်း တိုးမှာမဟုတ်။ ငါဝတ်မည့် အစား ကို လှူမယ်။ စိတ် ပြောင်းမလာ ဘူးလား။

ဘုန်းကြီးက တစ်နှစ်လောက် ကျွန်ခံပြီးတော့ မလှူနိုင်ဘူးဟေ့။ ဘုန်းကြီးကတော့ကာ မလှူနိုင်ဘူး။ မလှူနိုင်ဘူး။ ကိုယ်ပဲ့ ဝတ်ရလိမ့်မယ်ကွဲ့။ အဲလို ဝတ်ရာက… လှူချင်တဲ့စိတ်က လွယ်ပဲ့မလားဟေ့ ။ တစ်နှစ် လောက်ကျွန်ခံရတာ။ ကြားလား။ အဲဒါနဲ့ လှူလိုက်တယ် ခါးဝတ်ကို သင်းပိုင်ကို လှူ လိုက်တာ။ အကွယ်လေးမှာ သစ်ခက်ကို ဖြည်ပြီးတော့ ဝတ်တော့တာ။ ဝတ်ပြီးတော့ သူ့ဆီကို လှည့်တော့ သဒ္ဓါပီတိ ဝမ်းဆီထိသူ့စိတ်ထဲမှာအားရပါးရဖြစ်သွားတော့တာ။ဝမ်းမြောက်လွန်းလို့။ ကိုယ်ရုံကို တခါလှူ ။ ကိုယ်ရုံကို ဝတ်တော့ ပိုပြီးတော့ သပ္ပါယ်တော့တာပေါ့။ အဲ အဲဒီသင်္ကန်း လှူရတဲ့ ကုသိုလ်ကံ စေတနာတို့ကြောင့် ဖြစ်တဲ့ဘဝမှာ မြင်သူ အပေါင်း ရှုမတတ်လုပါစေလို့ သူ တောင်းတဲ့ ဆုက ပြည့်သွားတော့တာ နော်။ ဥမ္မာဒန္တီ သွားဖြစ်တာဗျ ကြားလား။ ကဲ အဲလို စိစစ်ဖို့ မကောင်းဘူးလား။ အဲသလို လှူနိုင်ပဲ့မလားဟေ့။ မထင်ပါဘူး။ ကြားလား။ မထင်ဘူး။ မထင်ဘူး။ ဥမ္မာဒန္တီ ဘဝ သေဆုံးတဲ့ အခါကျတော့ ဥပ္ပလဝဏ် ထေရီ သွားဖြစ်တယ်။ ကြားလား။ အဲဒါကြောင့် အတုယူဖို့ မကောင်းဘူးလား။ ဒါကြောင့်မို့လို့ ချမ်းသာတယ် ဆိုငြားသော်လည်း အလိုလို ဖြစ်တာ လား အကြောင်း ကြောင့် အကျိုးတရား ပေါ်တာ။ အဲဒါကြောင့် အကြောင်းအကျိုးတွေ နားလည်ဖို့ လိုတယ်နော်။

<u>အဘိဓမ္မာနည်း + သုတ္တန်နည်း။</u>

ဒါကြောင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ ကံကံရဲ့အကျိုးကို ယုံကြည်ရမယ်တဲ့။ စေတနာ အတိုင်း အကျိုးပေးတာကွဲ့နော်။ လိုရင်း အချက်ကတော့ သက္ကာယဒိဋ္ဌိ ပြုတ်ဖို့ အရေးကြီးတာပေါ့။ သက္ကာယ ၊ သက္ကာယ ဘယ်တရားတွေလဲ။ ခန္ဓာငါးပါးကို သက္ကာယလို့ မဟောဘူးလား။ ပိဋကတ် သုံးပုံကို ချုံးကြည့်တော့ ခန္ဓာငါးပါး ၊ဒါ သက္ကာယတရားလို့ မဟောဘူးလား။အဲဒါ မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၊ စားဆဲ၊ ထိဆဲ၊ သိဆဲ... လူ၊ နတ်၊ ပြဟ္မာလား ခန္ဓာလား။ အဲဒီ ခန္ဓာ အလိုလိုဖြစ်တာလား အကြောင်း ကြောင့် အကျိုးတရား ပေါ်တာလား။ အကြောင်း ရှာကြည့်တော့ ရုပ်နှစ်ခုပေ့ါ။

မျက်စိအကြည်ရှိရင် ရူပါရုံအဆင်း မတိုက်လား။ တိုက်ရင် ဆိုင်ရာ ဝိညာဏ် မပေါ်လား။ သုတ္တန်နည်း အားဖြင့်တော့ တစ်ဝိညာဏ်တည်း မြင်သိလို့ဖြစ်ရဲ့လား။ မဖြစ်ရင် သူနဲ့ သဟဇာတ ဖြစ်တဲ့ဝေဒနာ သညာ စေတနာ မပါလား။ အဆင်းလို့ ခံစားတာ လူ၊ နတ်၊ ပြဟ္မာလား။ ဝေဒနာလား ။ အဆင်းလို့ မှတ်တာ လူ၊ နတ်၊ ပြဟ္မာလား။ သညာလား။ ခံစားနိုင်အောင် စေ့ဆော်တာ မှတ်နိုင် အောင် စေ့ဆော်တာ သူငါလား စေတနာလား။ ဝေဒနာ သညာ စေတနာ သုံးခု ပေါင်းတော့ နာမက္ခန္ဓာလေးပါး မပြည့်လား။ ဤလေးပါးပြည့်စုံမှ မြင်သိစိတ် ဖြစ်တာနော်။ လူ၊ နတ်၊ ပြဟ္မာ လား။ နာမက္ခန္ဓာ လေးပါးလား။ မျက်စိအကြည်က လူ၊နတ်၊ပြဟ္မာ ဟုတ်ကဲ့လား ။ရူပါရုံ အဆင်း ကား လူ၊နတ်၊ပြဟ္မာ ဟုတ်ကဲ့လား။ ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာ မရလား။နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာ ပေါင်း။ ဒါ မျက်စိမှာ ပေါ်တာနော်။ ဒါ မျက်စိမှာ အလုပ်လုပ်ရ မှာပေ့ါ။ အဲဒီ ခန္ဓာငါးပါးကို ယုံကြည်ဖို့ မလိုလား။

အဘိဓမ္မာနည်း ကတော့ မြင်တယ်ဆို တစ်ပြိုင်တည်း ဖြစ်တာနော်။ သုတ္တန်နည်းက မရှေးမနှောင်း ပေ့ါ။ အဲဒါ ယုံကြည်ဖို့ လိုတယ်။ အဲဒီ ခန္ဓာသိဖို့ လိုတယ် ကြားလား။ စဉ်းစား။ ဒါတော့ မြင်ရာ ကြားရာ နံရာ စားရာ ထိရာ သိရာမှာ ဒါလိုတာပေ့ါနော်။ အဲတော့ လျှာနဲ့ ပတ်သက်တဲ့နေရာတွေ စားတဲ့ အခါမှာ သတိပြု အလုပ်လုပ်ကြ။ ကြားလား။ အခု လူတွေက ထိုင်တာ တစ်ခုတည်း မှတ်နေတာ။

ရှေးက မိုးကုတ် ဆရာတော်ဘုရားကြီး တိတ်ခွေထဲမှာ ပါတယ်။ ရေချိုးသွားဦးမယ် ရေချိုး သွားဦး မယ်တဲ့။ ချောင်းလေး တစ်ခု ရေချိုးသွားတာ။ ရေချိုးက ပြန်လာကာ ထမင်းစားမယ်။ ထမင်းစား ပြီးတော့ အိပ်ဦးမယ် အိပ်ရာထကာမှ တရားထိုင်မယ်။ သွားရင်းနဲ့ အလုပ်လုပ်ပါလား တဲ့ သွားရင်း နဲ့။ အပြန်ကိုလည်း အလုပ်လုပ်တဲ့ ကြားရဲ့လား။ အသွားကိုလည်း မလုပ် အပြန်ကို လည်း မလုပ် ထမင်းစားတာ လည်း မလုပ်။ ကဲ အိပ်ရာကနိုးခါမှတဲ့။ စဉ်းစားဖို့မကောင်းဘူးလား။အချိန်တွေ ဖြုန်း နေတော့တာ ပေ့ါ။ စဉ်းစားဖို့ မကောင်းလား။ သွားရင်းက သူတွေ ငါတွေလား ခန္ဓာပေါ်တာလား။

29.5.2005,(8:00am)11

ပြန်တာကား သူတွေ ငါတွေလား ခန္ဓာပေါ်တာလား ။စားတာကား သူတွေ ငါတွေလား ခန္ဓာ ပေါ်တာလား ။

မယ်ဇလီ ဥပမာပြ။

ကဲ ထမင်းစားလိုက်ကြစို့။ စဉ်းစားနော်။ စားတဲ့အခါကျတော့ မိမိကနေပြီးတော့ ကိုယ်ကြိုက်တဲ့ဟင်းလျာက မယ်ဇလီသုပ် ပေါ့ကွဲ့။ ဟိုက ပဲဟင်းပေါ့ ကွဲ့။ စဉ်းစားဖို့ မကောင်းလား။ အဲဒါ မြုပ်ပြီးတော့ စားလိုက်တာ မြုံ့ပြီးတော့ အခါးဓာတ်လေး ပြတော့ အင်း အခုမှ ခံတွင်း တွေ့တာ မလာဘူးလား။ စဉ်းစားနော်။ ပဲဟင်းလေး သောက်တော့ အခုမှ ဆိမ့်တဲ့အရသာလေးတွေ တွေ့မလာဘူးလား။ ကဲ စားတုန်းကတော့ မယ်ဇလီသုပ် စားတာကိုး။ တွေ့တာက မယ်ဇလီတွေ့တာလား ခါးတဲ့ အရသာလား။ ခါးတဲ့ အရသာ တွေ့တယ်နော်။ အဲဒီ ခါးတဲ့ အရသာကို မျက်စိနဲ့ကြည့် မြင်ရပါ့မလား။ လက်နဲ့ ကိုင်စမ်းကြည့်ကား တွေ့ပါမလား။ လျှာနဲ့ ကျတော့ မသိနိုင်ဘူးလား။

ခါးတယ်လို့ စားသိစိတ်ကလေးက ဇိဝှါဝိညာဏ် နာမ်တရား မရဘူးလား ။ လျှာအကြည်နဲ့ ခါးတဲ့အရသာ က ရုပ်တရား မရဘူး လား။ နာမ်ရုပ်နှစ်ပါးပေါ့။ ဖြန့်လိုက်တော့ ခန္ဓာငါးပါး။ ကဲ စားတဲ့အခါခန္ဓာ မတွေ့ဘူးလား။ မယ်ဇလီလား နာမ်နဲ့ရုပ်လား။ နာမ်ရုပ်ပဲ တွေ့တယ်နော်။ အဲလို စိစစ်ဖို့မကောင်းလား ။ ကဲ အဲလို လေ့လာဖို့ လိုတယ်ကွဲ့ ကြားလား။ ကဲ မျိုကြည့်လိုက် ရှိသေးရဲ့လား။ ဒါမရှိဘူး ဆိုတော့ အနိစ္စပေါ့။ အနိစ္စလက္ခဏာ ဒုက္ခသစ္စာလို့ မဟောဘူးလား။ နာမ်ရုပ်ကို သိတုန်းကမယ်ဇလီ တွေ့သေးရဲ့လား။ မယ်ဇလီမတွေ့တာ ရှိလို့လား မရှိလို့လား။ တွေ့တာက နာမ်နဲ့ရုပ်နော်။ နာမ်ရုပ်ကို သိတော့ကာ လူစွဲဒိဋ္ဌိ နတ်စွဲဒိဋ္ဌိ မပြုတ်ဘူးလား ။ မယ်ဇလီလို့ကော စွဲစရာလိုသေးရဲ့လား ။

မျိုကြည့်တော့ကာ နာမ်ရုပ် တွေ့သေးရဲ့လား ။ အနိစ္စလို့ မဟောဘူးလား ။ သိတာက မဂ္ဂလို့မဟောဘူးလား ။ ကဲ တဏှာ လာသေးရဲ့လား။ ဥပါဒါန်လာသေးရဲ့လား ။အာသဝ အနေနဲ့ကာမာသဝ နဲ့ ဘဝါသဝ ချုပ်တယ်။ နာမ်ရုပ်လို့ သိတုန်းက ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝချုပ်တယ်နော်။ ကဲ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ ပိုင်းခြားသိတော့ ကာမာသဝနဲ့ ဘဝါသဝ မချုပ်လား။ အာသဝေါတရား လေးပါး မကုန်လား ။သမုဒယသစ္စာ မသေလား။ နောက်ခန္ဓာ ဇာတ်မသိမ်းလား။ နိရောဓသစ္စာ။ စားရင်း စားရင်း။ ဒီလို လေ့လာဖို့ မကောင်းလား။ ဒါကြောင့် သစ္စာဖွဲ့နည်း နားလည်ဖို့ခန္ဓာဖွဲ့နည်း နားလည်ဖို့။

သည်းခံ (ရဟန်းနှစ်ပါး ဥပမာပြ)

29.5.2005,(8:00am)12

တစ်ဦး တစ်ယောက်က ဆဲမယ် ဒီတရားကို မလေ့လာဘူးဆိုရင် ကြားတဲ့အခါ စိတ်မဆိုးဘူးလား။ စိတ်ဆိုးတာ ကုသိုလ်လား အကုသိုလ်လား ။ အကုသိုလ်ကွဲ့။ အကုသိုလ်က ဆင်းရဲတဲ့ တရားလား ချမ်းသာတဲ့တရားလား ။အခု လူတွေက ချမ်းသာ ချင်တယ်နော် ။စိတ်ဆိုးတာ ဒါ အကုသိုလ် ဆင်းရဲတာပေါ့။ ဒါတော့ ချမ်းသာချင်ရင် စိတ်မဆိုးတဲ့ အလေ့အကျင့်ကို လုပ်။ စိတ်မဆိုးဖို့လိုတယ်။ စိတ်မဆိုးတာတွေ ဘယ်လိုတွေလဲ လို့ မင်္ဂလသုတ်ထဲမှာ မင်္ဂလသုတ်ထဲမှာ ပါတယ်။ ခန္တီပရမံ တပေါ၊ သည်းခံခြင်း မြတ်တယ် လို့ မဟောဘူးလား ။အဲဒါ ကိုယ့်ဝမ်းထဲကို ကိုယ့်ခန္ဓာထဲကို သွင်းဖို့ လိုတာ။ စာအုပ်ထဲမှာ နေတာ ခန္တီက။ ကိုယ့်ခန္ဓာထဲကို ရောက်အောင် လုပ်ရမှာ။ စဉ်းစားဖို့ မကောင်းလား။

ဘယ်လိုတွေ ရောက်အောင် လုပ်ရမလဲလို့ ရှေးအထက်ကျော်ကာရီက မြတ်စွာဘုရားရှိစဉ်က ရဟန်း နှစ်ပါး ခရီးသွား ကြတယ်။ တစ်ပါးက ငါးဝါလောက် ကြီးတယ်။ တစ်ပါးက ငါးဝါ ငယ်တယ်။ ညအိပ်ရာဝင်တဲ့ အခါ အရှေ့ကို ခေါင်းပြု။ ရဟန်းငယ် အိပ်ပျော်တဲ့အခါ ကြီးတဲ့ပုဂ္ဂိုလ်က သူ့ ခြေရင်းမှာ သွားအိပ်တယ်။ ထတဲ့အခါ နင်းမိ ခိုင်းမိတာပေါ့။ ဆဲတော့တာ ဆိုတော့တာ ကြားလား။ အသက်ကြီးမှန်း မသိ ဝါကြီးမှန်း မသိ။ ဘယ်နှစ်ဝါလဲဘယ်ချမ်းသာလဲ။ အဲဒီလို တစ်ကြိမ်က နှစ်ကြိမ် ကြိမ်ဖန်များစွာ ခဏခဏခံရတော့ မတတ်နိုင်တော့ ဘုရားကို လာပြီးတော့ တိုင်တော့တာ။ လျှောက်တော့တာ။

အဲသလိုတွေ ကြိမ်ဖန်များစွာ ခံရတယ်ဘုရား။ အဲဒါနဲ့ မြတ်စွာဘုရားက သည်းခံပါ သည်းခံပါတဲ့ ကြားရဲ့လား။ ငါ ဘုရား မဖြစ်ခင် နစဉ်တုန်းက သူနဲ့ အတူ နေခဲ့တယ်တဲ့။ အဲဒီအကျင့်က မပျောက်ဘူးတဲ့။ ငါဘုရား တစ်ခွန်းမှ ပြန်မပြောခဲ့ဘူးတဲ့။ နစဉ်တုန်းကလေ။ ဘုရားနဲ့ သူနဲ့ အတူ နေခဲ့တာ တဲ့။ အဲဒီ အကျင့်မပျောက်တဲ့။ တစ်ခွန်းမှ ပြန်မပြောဘူးတဲ့။ သည်းခံတယ်တဲ့။ ကဲ သည်းခံ ဆိုတာ စိစစ်ဖို့ မကောင်းလား။ အခုမဟုတ်ရင်တော့ မခံနိုင်ဘူးကွ။ ပြောရလိမ့်မယ်။ မလာဘူးလား ။ ကုသိုလ်လား အကုသိုလ်လား။ အင်း အဲဒီနေရာ ခန္တီ သုံးရမှာဗျ။ စဉ်းစားဖို့ မကောင်းလား ။ အဲဒီလို အလေ့ အကျင့် လုပ်ရတယ် ကြားလား။ ဝိညာဏ်မြင် သမ္မုတိသစ္စာဖက်ကနော်။

<u>အသံ စိတ်ဆိုးစရာပါ မပါ</u>

ပညာမြင်ပရမတ္ထသစ္စာဖက်က ကြည့်တော့ကာ ကဲ အဲလို ညစ်ပတ်တဲ့ကိစ္စတွေက ထိထိမိမိ စိစစ်ဖို့ မကောင်းလား။ အဲဒါ မိမိက နားနဲ့ပတ်သက်တာ အသံတွေ။ ခန္ဓာကိုယ်... ကိုယ်နဲ့ ပတ်သက်တာ ကာယကိုယ်တွေပေါ့နော်။ ကာယကိုယ်နဲ့ ပတ်သက်တဲ့ အခါကျတော့ ပထဝီဖောဋ္ဌဗ္ဗ၊ တေဇောဖောဋ္ဌဗ္ဗ၊ ဝါယောဖောဋ္ဌဗ္ဗတွေပေါ့။ ဒီလိုတွေ မရှိပေဘူးလား။ ရှိတယ်။ ကဲ အဲဒါ ပြောတဲ့ ဆိုတဲ့

29.5.2005,(8:00am)13

အခါမှာ နားနဲ့ ပတ်သက်တာတွေ ကြားရတော့တာပေါ့ ။ ကြားတဲ့အခါ လူလား အသံလား။ ဆဲတာလား အသံလား။ ကဲ အသံ။ အသံထဲမှာ စိတ်ဆိုးစရာ ပါရဲ့လား။ ကြားရင်သတိ လို့ မဟောဘူးလား။ စိတ်ဆိုးစရာ ပါ မပါ စဉ်းစားဖို့ လိုတယ်နော်။

နိုင်ငံခြားသား တစ်ယောက် ဗမာလို နားမလည်တဲ့ ပုဂ္ဂိုလ်။ အဲဒီ ပုဂ္ဂိုလ်ကို သေသေချာချာ စေ့စေ့ကြည့် ပြီးတော့မှ စိတ်ဆိုးလောက်အောင် ပြောလိုက် မကြားဘူးလား ကြားမလား ။ စိတ်ဆိုးမလား။ စိတ်မဆိုးဘူး။ သူကလည်း သူ့ဘာသာနဲ့ ဗမာကိုပြောတော့ ဗမာကလည်း ကြားတယ်ကွဲ့။ စိတ်ဆိုးရဲ့လား။ ကဲ အသံထဲမှာ စိတ်ဆိုးစရာ ပါရဲ့လား။ ပါဘူးကွဲ့နော်။ နောက်မှ ဒါ ခဏခဏ ကြားရတော့ ကြာတော့ကာ လေ့လာတော့ သိတော့ကာ ဩော် ငါ့ကို ဆဲတာကိုးလို့ စိတ်ဆိုးတော့တာ။ စဉ်းစားဖို့ မကောင်းလား။ ကိုယ်တိုင်သိတာ ဟုတ်ရဲ့လား။ တစ်ဆင့်ပြောတာကွဲ့။ဒါ သူများ ပါးစပ်နဲ့ လမ်းဆုံးတယ်လို့ မပြောကြဘူးလား။ အဲဒါ လေ့လာကြ။ အသံလို့သိတာနဲ့ ဆဲတယ်လို့ ကြားတာတူရဲ့လား။ အသံလို့ကြားတော့ စိတ်ဆိုးရဲ့လား။ ဆဲတယ်လို့ကြားလို့ စိတ်ဆိုးတာ။ ဒါနလုံးသွင်း မှန်တာလား မှားတာလား။ မှားတာ အဝိဇ္ဇာပေါ့။ နလုံးသွင်း မှားတော့ ဝိပလ္လာသ အနေနဲ့ ဆဲတယ်လို့ အမှတ်မမှားလား ။ သညာဝိပလ္လာသ။ အမှတ်မှားတော့ ဆဲတယ်လို့ အသိ မမှားလား။ စိတ္တဝိပလ္လာသ။ ဆဲတယ်လို့ အသိမှားတော့ ဆဲတယ်လို့ အမြင်အယူအဆ မမှားဘူးလား ။ ဒိဋ္ဌိဝိပလ္လာသ။ ဤတရား သုံးပါးကြောင့် သက္ကာယဒိဋ္ဌိ ဖြစ်တာဗျ။ ကြောက်စရာ မကောင်းဘူး လား။

ဒါတော့ ကြားရင်သတိ။ မြင်ရင်သတိ။ ကြားရင်သတိ။ နံရင်သတိ။ စားရင်သတိ။ ထိရင်သတိ။ ကြံရင်သတိပေါ့။ သတိတစ်လုံး ရှေ့ကထားရင် ဝိညာဏ်မြင်ဖက်ကလည်း ပြေတယ်။ ပညာမြင်ဖက်က လည်း ပြေတယ်။ မပြေဘူးလား။ ပြေတယ်နော်။ သတိတစ်လုံးသာ လွတ်သွားမယ်ဆိုရင် ကိုးရိုးကားယား ဖြစ်တော့တာဟေ့။ ကြားလား။ အဲလို လေ့လာဖို့ မကောင်းလား။ ကဲ ပရမတ္ထ သစ္စာဖက်က ကြည့်တော့ အခု ပြောတဲ့ ဆိုတဲ့အခါ လူလား နာမ်နဲ့ရုပ်လား ။နတ်လား နာမ်နဲ့ရုပ်လား ။ ဗြဟ္မာလား နာမ်နဲ့ရုပ်လား ။ ကဲ အဲဒါ အသံကြားတဲ့ ကိစ္စတွေ ကြားသိစိတ်ကလေးက သောတ ဝိညာဏ် နာမ်တရားမရဘူးလား ။အသံက ရုပ်တရား မရလား ။နာမ်ရုပ် နှစ်ပါး။ အဲဒီ နာမ်နဲ့ရုပ်လို့ သိတာ သူငါက သိတာလား မဂ္ဂသစ္စာက သိတာလား ။ဘယ်မဂ္ဂကလဲ သမာဓိမဂ်။ ဟော... သမာဓိ ရသွားပြီ။

<u>သမာဓိရှိ မရှိ(သူခိုးယိုးပုံ)</u>

29.5.2005,(8:00am)14

အဲဒီ သမာဓိရနေတဲ့အခါ တဦးတစ်ယောက်က အပုပ်ရည်သွင်းတဲ့စကားမျိုး ပြောကြည့် စိတ်ဆိုးဦး မလား။ စိတ်မဆိုးတော့ ဘူးနော်။ ဒါ သမာဓိကောင်းလို့ပေါ့ကွဲ့။အဲလို စိစစ်ဖို့ မကောင်းလား ။ ထိထိမိမိ လေ့လာကြ။ ရှေးရှေးက ပုံတော်မူသွားပြီ။ အဲဒီဆရာတော်ကြီး တရား ပေးတဲ့အခါမှာ သူ့ရှေ့မှာ တရားအလုပ်လုပ်ဖူးတဲ့ပုဂ္ဂိုလ်တွေ ဟူသရွေ့ သူခိုးပဲ ယိုးတာ။ အဲဒီ ဆရာတော်ကြီးက။ ဥပုသ်ရိုးရိုး စောင့်တဲ့ပုဂ္ဂိုလ်ကို မယိုးဘူး။ လာနေကြလူကို သူခိုး မယိုးဘူး။ တရား အားထုတ်ပြီးသား လူကို ယိုးတာ။ ယိုးတဲ့အခါ ငါ့ကို သူခိုးယိုးရမလားလို့ စိတ်ဆိုးလို့ မလာတော့ဘူး။ ကြားလား။ သမာဓိရှိ မရှိ စမ်းကြည့်တာ။ စဉ်းစားဖို့ မကောင်းလား ။ အင်း လေ့လာကြ။ ထိထိမိမိ။

အဲဒီဘုန်းကြီးထက် အရင်ရောက်တဲ့ ကိုယ်တော်တစ်ပါး ရှိတယ်။အဲဒီ ကိုယ်တော်က သူ့ကျောင်း မှာ သုံးဝါနေဖူးတာ။ ကိုရင်ကြီးအဖြစ်နဲ့။ ပိုက်ဆံ ခိုးပဲ ယိုးနေတယ်။အဲဒီ ဖျာအောက်မှာ ထားတာတဲ့။ ငွေသား ရေတွင်းတူးဖို့။ မင်းမယူရင် ပြန်ပေး။ မယူဘူး ဘုရား။ မင်းနဲ့ ငါနဲ့ နှစ်ပါးရှိတာ။မင်းမယူရင်ငါ ငါမယူရင်မင်းကွဲ့။ အဲလို ယိုးတာတဲ့။ဟိုပုဂ္ဂိုလ်ကလည်း မျက်နှာလည်း မပျက်ဘူး၊ ဘယ်လောက်ပဲ ယိုးယိုး။ လူလာရင် အဲဒီ စကားက ပြောင်း။တခြားစကားပြောတော့တာ။ အားတဲ့အခါ တွေ့ရင် ယိုးပြန်တော့တာ တစ်နှစ်လောက်ကြာတယ်။တစ်နှစ်လောက်ကြာတော့ အဲဒီကိုယ်တော်ကြီးကို မင်းကို စိတ်ချပြီတဲ့ ။ စိတ်မဆိုးဘဲကိုး။ သမာဓိကောင်းမှန်း သိသွားတာနော်။ တစ်ချို့လူက အဲလို ပြောရင် စိတ်ဆိုးတော့တာ။ ဘယ်တော့မှ သူ့ကျောင်း မသွားတော့ဘူး။ အဲလိုတွေ။။ အဲဒါ သမာဓိရှိ၊ မရှိ။ စိစစ်ဖို့ မကောင်းဘူးလား။

ကဲ...အဲဒါ စိတ်ဆိုးတာ။ ပညတ်ကို လှည့်တာ။ ငါကို ဒီလို ယိုးရမလား ဆိုတော့ အကုသိုလ်တွေ ဝင်မလာ ဘူးလား။ ပရမတ်ကို အာရုံပြုတဲ့အခါ အကုသိုလ်ဖြစ်ပါ့မလား။ ကဲ အသံလို့ ကြားသိတာ လေးက သောတဝိညာဏ်နာမ်တရား မရလား။အသံက ရုပ်တရား မရလား။ နာမ်ရုပ်နှစ်ပါး။ ဒါပရမတ် တရားပေါ့။ အဲဒီ နာမ်ရုပ်ကို သိတာ သတိလို့ မပြောဘူးလား။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တစ်လုံး ချုံ့လိုက်တော့ သတိတစ်လုံးပေါ့။ ကဲ သမာဓိ အားကောင်းလာတယ်။ ဆက်ပြီးတော့ ကြိုးစား အသံ ရူပက္ခန္ဓာက ဖောက်ပြန်ပြီးတော့ မပျက်လား။ ကြားသိစိတ်ကလည်း သိပြီးတော့ မပျက်လား ။ နာမ်ရုပ် တွေ့သလား။မရှိတာ တွေ့သလား။ မရှိတာ အနိစ္စ သိတာမဂ္ဂလို့ မပြောဘူးလား။ ဒါ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ။ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ။ အနတ္တလက္ခဏာ ဒုက္ခသစ္စာ။ သိပယ်လို့မပြောလား။ ဆင်းရဲတဲ့တရားလို့ အမှန်သိရင် နောင်တဖန် ဒီခန္ဓာမျိုး ရချင်သေး ရဲ့လား။ အဲလို သိတော့ နလုံးသွင်းမှားတဲ့အဝိဇ္ဇာမချုပ်ဘူးလား။အရင်းလဲတော့ အဖျား ထင်းဖြစ်တယ်လို့ မပြောဘူးလား။ တဏှာ၊ ဥပါဒါန်လာသေးရဲ့လား။ အာသဝအနေနဲ့

ကာမာသဝနှင့် ဘဝါသဝမချုပ်လား။ ရှေ့ပိုင်းက နာမ်ရုပ်ကို သိတော့ ဒိဋ္ဌာသဝ နှင့်အဝိဇ္ဇာသဝ မချုပ်လား။ အာသဝေါတရား လေးပါးမကုန်လား။ ကုန်ရင် သမုဒယ သစ္စာ မသေလား။ နောက်ခန္ဓာဇာတ် မသိမ်းလား။ နိရောဓသစ္စာ။

ကဲ...ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ။ (ဒုက္ခသစ္စာ ပါဘုရား။) သိတာက.... (မဂ္ဂသစ္စာ ပါဘုရား။) သေတာက.... (သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာ မလာတာက.... (နိရောဓသစ္စာ ပါဘုရား)။ ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ (လေးကွက်ရှိပါတယ်ဘုရား)။ တစ်ကွက်လျှင် ဘယ်နှစ်ပါး (ငါးပါးပါဘုရား)။ ငါးလေးလီ...နှစ်ဆယ်။ ဤရှစ်သွယ်ကို... အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။

(သာဓု သာဓု သာဓု)။